ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

**နေ့စွဲ – ၈. ၈. ၁၀**

(Doctrine according to godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

## ကျမ်းစာ၏ဩဇာအာဏာ (The Authority of Scripture)

ကျမ်းစာသည် မှုတ်သွင်းတော်မူထားသော၊ မမှားနိုင်သော ဘုရားသခင့်နှုတ်ကပတ်တော်ဖြစ်သည်နှင့်အညီ ကြီးမားသောဩဇာအာဏာရှိပါသည်။ ကျမ်းစာ၏ဩဇာအာဏာထက် ကြီးမားသည့် လူသား၏အာဏာ မရှိပါ။ ကျမ်းစာ၏ဥပဒေသများထက်သာအောင် မည်သည့်လူသားကမှ ဥပဒေသများ မတည်ဆောက်နိုင်ပါ။ ကျမ်းစာကသွန်သင်သည်များကို ဆန့်ကျင်ဖက်ပြုနိုင်သော သွန်သင်ခြင်း မရှိပါ။

ကျမ်းစာသည် ဩဝါဒနှင့်ဆိုင်သည်များအားလုံးအပေါ်၌ ဩဇာရှိပါသည်။ ထိုအကြောင်းကို ၁တိ ၃း၁၆ က 'ဩဝါဒ'ဆိုသောစကားလုံးအား အစဉ်ထည့်သွင်းကာ ပြောပြနေပါသည်။ ဤကျမ်းပိုဒ်က ကျမ်းစာ ၏ဩဇာအာဏာကို အကျိုးရှိ၏ (ဆရာယုဒသန်က 'ကျေးဇူးပြုတတ်၏'ဟု ဘာသာပြန်ပါသည်)ဆိုသည့် စကားလုံးနှင့်ပြောပြပါသည်။ အဘယ်ကြောင့်ဆိုသော် ဩဇာရှိသောကြောင့် အကျိုးရှိခြင်းဖြစ်ပါသည်။ ပြဿ နာတိုင်းတွင် ကျမ်းစာသည် နောက်ဆုံးအဆုံးအဖြတ်ပေးသောသူဖြစ်သည်၊ အထူးသဖြင့်ဩဝါဒနှင့်ဆိုင်သော ပြဿနာများတွင်ဖြစ်ပါသည်။

ထို့အပြင် ကျမ်းစာသည် လက်တွေ့လုပ်ဆောင်မှုများနှင့် ခရစ်ယာန်အသက်တာမည်သို့နေထိုင်ရမည်ဆိုသည့်ကိစ္စတို့၌လည်း ဩဇာရှိပါသည်။ ကျမ်းစာကို နှစ်ပေါင်းထောင်ချီသောကာလက၊ မတူညီသော ယဉ်ကျေးမှုများ၌၊ ကွဲပြားသောသူများထံသို့ ရေးသားခဲ့သည်မှန်သော်လည်း ယနေ့ထိ ခေတ်မီဆဲရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာသည်၊ အဆုံးကို အစကထဲကသိတော်မူသော၊ မည်သည့်အခါတွင်မျှ မပြောင်းလဲတော်မူသော ဘုရားသခင်ကိုယ်တော်တိုင်၏ နှုတ်ကပတ်တော်ဖြစ်သောကြောင့်၊ ကမ္ဘာပေါ်ရှိ အမြဲပြောင်းလဲနေတတ်သော အခြေအနေများက ကျမ်းစာကပြောပြသောအမှန်တရားများ၏ ဩဇာအာဏာကို မဖျက်ဆီးနိုင်ပါ။

ရှင်ပေါလုက အသင်းတော်နှင့်အိမ်၌ အမျိုးသမီးတို့၏တာဝန်များကို ကျွန်တော်တို့ယဉ်ကျေးမှုနှင့်ခြားနားသော ယဉ်ကျေးမှုထဲမှ ရေးသားခဲ့သည်ဖြစ်သော်လည်း၊ သူပြောသမျှသည် ယနေ့တိုင်အောင်မှန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပေါလုကပြောခဲ့သည်မဟုတ်ပါ၊ ဘုရားသခင်ကိုယ်တော်တိုင်က ပြောခဲ့သောကြောင့်ဖြစ်ပါသည်။

ကျမ်းစာကို ဘုရားသခင်မှုတ်သွင်းတော်မူကြောင်း ယုံကြည်ကြသောသူတို့အတွက် အံ့ဩစရာကောင်းလှသည့်အချက်တခုမှာ၊ ကျမ်းစာက ယနေ့ခေတ်ပေါ်မှားယွင်းသောသွန်သင်မှုများကို ကြိုတင်၍ဖော်ပြနေခြင်းဖြစ်သည်။ အကောင်းဆုံး ဥပမာမှာ ၂ပေ ၃း၁–၇ ဖြစ်ပါသည်။ ထိုကျမ်းပိုဒ်တွင် အီဗော်လူးရှင်းသီအိုရီ (ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲမှု = evolution theory)ကို မှားယွင်းကြောင်းပြောပြသည်၊ ထို့အပြင် ယူနီဖေါ်(မ်)မီတေး ရီးယန်းဝါဒ (uniformitarianism = အရာခပ်သိမ်းသည် ဖန်ဆင်းစကကဲ့သို့ဆက်၍ ယနေ့တိုင်အောင် မ ပြောင်းမလဲ ဖြစ်နေသည်ဟု ယူဆသည့်ဝါဒ) ကိုလည်း ဤကျမ်းပိုဒ်က ဖျက်ဆီးပစ်ပါသည်။

ကျမ်းစာ၏ဩဇာအာဏာသည် သမိုင်းနှင့်ဆိုင်သောအကြောင်းများ၌၎င်း၊ ပထဝီ၊ သိပ္ပံ၊ (သို့) မည်သို့သောပညာရေးဆိုင်ရာ ဘာသာရပ်များ၌၎င်း အချုပ်အခြာပင် ဖြစ်ပါသည်။ ကျမ်းစာ၏ဩဇာသည် သီဩလော်ဂျီနှင့် ခရစ်ယာန်အသက်ရှင်ခြင်းဆို့အပေါ်၌သာ အချုပ်အခြာဖြစ်သည်မဟုတ်ပါ။ ကျမ်းစာ၏ ဩဇာအာဏာသည် ကြီးမြင့်လှသဖြင့်၊ အချို့သောအကြောင်းအရာများ၌ သိပ္ပံပညာက မည်သို့ပင် ဆန့်ကျင်နေပါစေ၊ ယုံကြည်သူသည် ကျမ်းစာကပြောသည်ကိုပင် လက်ခံရမည်ဖြစ်သည်။

ကျွန်တော်တို့သည် ကျမ်းစာ၏ဩဇာအာဏာကို ဘုရားသခင်ကိုယ်တော်တိုင်၏ ဩဇာအာဏာအဖြစ် နားလည်သဘောပေါက်ရပါမည်။ ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်ဟု ပြောခြင်းသည်၊ ထိုကျမ်းစာ၌ အချုပ်အခြာအာဏာရှိသည်ဟု ပြောနေခြင်းဖြစ်ပါသည်။ ထိုကိစ္စကို ငြင်းပယ်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်ကို ငြင်းပယ်ခြင်းဖြစ်ပါသည်။ ကျမ်းစာကို ဆန့်ကျင်ဖက်ပြုနေခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ဖက်ပြုနေခြင်းဖြစ်ပါသည်။

လူတယောက်က တနေရာတွင်တော့ ကျမ်းစာ၏ဩဇာအာဏာကို လက်ခံသည်ဟုပြော၍၊ နောက်တနေရာတွင်မူ လက်မခံနိုင်ဟု မပြောနိုင်ပါ။ ကျမ်းစာက သခင်ယေရှုအကြောင်းပြောသည်ကို လက်ခံပါသည်၊ သို့သော် ဖန်ဆင်းခြင်းအကြောင်းပြောသည်ကိုတော့ လက်မခံပါဟု ပြော၍မရပါ။ အားလုံးသည် ဘုရားသခင်၏နှုတ်ကပတ်တော်သာ ဖြစ်ကြပါသည်။ အားလုံးကို ဘုရားသခင်က ဩဇာအာဏာ ပေးထားပါသည်။ ဘုရားသခင်နှင့် ဘုရားသခင်၏စကားများကို ကြိုက်သလို လက်ခံလိုက်၊ ငြင်းပယ်လိုက် လုပ်၍မရပါ။ သူ၏နှုတ်ကပတ်တော်သည် မကျိုးပြတ်နိုင်ပါ (ယော ၁၀း၃၅)။

ကျမ်းစာ၏ဩဇာအာဏာကို ဝန်ခံခြင်းနှင့် ၎င်း၏ဩဇာအာဏာထံ ဦးညွတ်ခြင်းသည် တခြားစီဖြစ်ပါသည်။ ကျွန်တော်တို့၏ခရစ်ယာန်ဘဝတလျှောက်တွင် ကျမ်းစာပြောသည်ကို မည်မျှနာခံကြကြောင်း အမြဲတမ်း အစစ်ခံကြရပါသည်။ ထို့အပြင် ကျမ်းစာကပညတ်ထားသည်နှင့် ကျွန်တော်တို့၏အလိုဆန္ဒများ ဆန့်ကျင်ဖက်ဖြစ်ကြသည့်အချိန်များတွင် ကျမ်းစာကိုနာခံဖို့ အတော်ပင်ခက်ခဲပါသည်။ (သို့) ကျမ်းစာသွန်သင်ပေးမှုက အသွေးအသားတို့၏တိမ်းညွတ်ခြင်းများကို ဆန့်ကျင်ကြသောအခါ၊ လိုက်နာရသည်မှာ အတော်ခက်ပါသည်၊ အမြဲတမ်းလည်း ထိုသို့ပင်ဖြစ်နေပါသည်။

ကျေးဇူးတော်အားဖြင့်သာ ကျွန်တော်တို့ နာခံနိုင်ကြခြင်းဖြစ်ပါသည်။ ကျမ်းစာကိုပေးတော်မူသော ဘုရားသခင်က လိုအပ်သောကျေးဇူးတော်ကိုလည်း ပေးတော်မူပါသည်။ တခါက ရှင်ဩဂတ်စတင်ပြောခဲ့သလိုဖြစ်သည်၊ "ကိုယ်တော်ပညတ်တော်မူသောအရာကို ပေးတော်မူပါ၊ ပေးတော်မူသောအရာကို အလိုတော်ရှိလျှက် တောင်းတော်မူပါ။"

## ကျမ်းစာကိုအနက်ဖွင့်ခြင်း (The Interpretation of Scripture)

ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်လျှက်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ရေးသားသူဖြစ်သောကြောင့်၊ မည်သူမှ အနက်ဖွင့်ရန် အခွင့်မရှိပါ။ တချို့သောသူများက သူတို့ထံ၌ အခွင့်ရှိသလို ပြောတတ်ကြပါသည်။ သူတို့က "ငါ့အနက်ဖွင့်ချက်က ဒီလို၊" "ဟိုလူ့ဖွင့်ပြချက်က ဒီလို" ဟုပြောတတ်ကြပါသည်။ ထိုသို့ပြောခြင်းသည် အလွန်မှားပါသည် (၂ပေ ၁း၂၀)။ အမှန်တရားအတွက် အငြင်းပွားမှုတွင်ပင် လက်ခံနိုင်စရာ အနက်ဖွင့်ခြင်း တခုသာရှိပါသည်။ ၎င်းမှာ ကျမ်းစာက ကျမ်းစာကို အနက်ဖွင့်ခြင်းဖြစ်သည်။ ထိုသို့သောအနက်ဖွင့်ခြင်းသည် လူ၏အနက်ဖွင့်ခြင်း မဟုတ်တော့ပါ၊ ဘုရားသခင်၏အနက်ဖွင့်ခြင်း ဖြစ်ပါသည်။

အသင်းတော်ပြန်လည်ပြုပြင်ခြင်း၏ ဥပဒေသများထဲမှ တခုမှာ၊ "ကျမ်းစာသည် မိမိကိုယ်ကို အနက်ဖွင့်သည်"ဆိုသည့်ဥပဒေသဖြစ်ပါသည်။ ကျွန်တော်တို့အတွက် ကြားရသည်မှာ ထူးဆန်းနေမည်ဖြစ်သော်လည်း၊ ထိုအချက်သည်အမှန်ဖြစ်သည်။ ကျမ်းစာကိုရေးသားသူ ဘုရားသခင်၏ဝိညာဉ်တော်ကသာလျှင်၊ သူဘာကိုဆိုလိုကြောင်း ကျွန်တော်တို့ကို ပြောပြခွင့်၊ ပြောနိုင်သောတန်ခိုး ရှိတော်မူသည်။ လူသားက "ဒါ ငါ့အနက်ဖွင့်ချက်ဖြစ်တယ်"ဟုပြောခြင်းသည်၊ အလကားဖြစ်ပါသည်။ ဘုရားသခင်၏အနက်ဖွင့်ခြင်းသာ အရေးပါပါသည်။

ထိုအချက်ကို ၂ပေ ၁း၂၀၊ ၂၁ က သင်ပေးပါသည်၊ မည်သည့်ကျမ်းစာမှ "လူသား၏ ကိုယ်ပိုင်အနက်ဖွင့်ချက်မရှိ။" ထိုသို့ပြောခြင်းသည် နေရာမကျသောပြောဆိုခြင်းဟု ထင်စရာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျမ်းပိုဒ်က အဓိကပြောဆိုသောအကြောင်းအရာသည် "မှုတ်သွင်းတော်မူခြင်း"ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် ဤကျမ်းပိုဒ်က သင်ပေးနေသော "မှုတ်သွင်းတော်မူခြင်းဩဝါဒ"၏ လက်တွေ့သင်ခန်းစာ မှာ

ကျမ်းစာကိုအနက်ဖွင့်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျမ်းစာကို မှုတ်သွင်းတော်မူသော ဘုရားသခင်က သာ အနက်ဖွင့်ခွင့် ရှိတော်မူပါသည်။

သန့်ရှင်းသောဝိညာဉ်တော်က တကယ်ပင် ကျမ်းစာကိုအနက်ဖွင့်ပေးပါသည်။ သို့သော် ဂန္ဓီရဆန်ဆန်၊ ထူးဆန်းနက်နဲသောပုံစံနှင့်တော့ လုံးဝမဟုတ်ပါ။ ထို့ကြောင့် 'ဘုရားသခင်က ငါ့ကိုပြောသည်' 'ဘုရားသခင်က ငါ့ကိုပြသည်' 'ငါ့ကို ဗျာဒိတ်ရူပါရုံပေးသည်'ဟု ပြောကြခြင်းသည် အလွန်မှားပါသည်။ ထိုသို့ပြောခြင်းသည် ကျမ်းစာသည် လုံလောက်မှုမရှိပါဟုပြောနေခြင်း ပုံစံတစ်ခုဖြစ်ပါသည်၊ ကျမ်းစာကိုငြင်းပယ်ခြင်း၊ ကျမ်းစာအား ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအမှန်တရားကို ငြင်းပယ်ခြင်း ပုံစံတမျိုးဖြစ်ပါသည်။ ထိုသို့ပြောနေသောသူသည်၊ ဘုရားသခင်က သူ့ကို ကျမ်းစာအပြင်၊ သူ့ကိုယ်ပိုင်အနက်ဖွင့်ခြင်းတခုကို လာပေးနေသည်ဟု ပြောနေခြင်းဖြစ်သည်။ စစ်မှန်သော ကျမ်းစာအနက်ဖွင့်ခြင်းဆိုသည်မှာ ကျမ်းစာကို ကျမ်းစာနှင့် နှိုင်းယှဉ်ချိန်ထိုးကာ အနက်အဓိပ္ပါယ်ရှာဖွေခြင်းဖြစ်ပါသည်။

ဥပမာ၊ ကျမ်းစာထဲမှစကားလုံးတခု၏အဓိပ္ပါယ်ကို၊ ဗတ္တိဇံဆိုပါစို့ သိချင်သည်ဆိုခဲ့လျှင်၊ ထိုစကားလုံးကို အသုံးပြုသော ကျမ်းပိုဒ်များကို ရှာဖွေရမည်၊ ထိုကျမ်းပိုဒ်များနှင့်ဆက်နွယ်နေသော (context = အထက်အောက်ဆက်လိုက်နေသောကျမ်းပိုဒ်များ)ကို သေချာစွာဖတ်လျှက် ဘာကိုဆိုလိုကြောင်း ရှာဖွေရမည်။ ထို့ကြောင့် စစ်မှန်သောကျမ်းစာအနက်ဖွင့်ခြင်းဆိုသည်မှာ ကျမ်းစာကို ဂရုတစိုက်လေ့လာလျှက်၊ ကျမ်းစာက ဘာကိုဆိုလိုချင်ကြောင်း ကျမ်းစာထဲတွင် ရှာဖွေခြင်း ဖြစ်ပါသည်။ ကျမ်းစာတပိုဒ်ကို သေချာစွာဖတ်ရှုလေ့လာခြင်းမရှိဘဲ၊ ငါသိပါသည်ဟု ပြောနေသူသည် အင်မတန်ရူးမိုက်သူ၊ မာနကြီးသူတယောက် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် မိမိတို့၏အိုင်ဒီယာများကို ကျမ်းစာထဲမထည့်မိဖို့ အလွန်ဂရုစိုက်ကြရပါမည်။ ထိုမှဆန့်ကျင်လျှက် နှိမ့်ချစွာ၊ ဆုတောင်းခြင်းနှင့်အတူ ကျမ်းစာကပြောပြသည်ကို လက်ခံရပါမည်။ မှန်ကန်သော ကျမ်းစာအနက်ဖွင့်ခြင်းကို သင်ယူဖို့ ကျေးဇူးတော်၊ နှိမ့်ချစွာအပ်နှံခြင်း၊ ဆုတောင်းခြင်းတို့ လိုအပ်ပါသည်။

မည်သူမှ၊ သင်းအုပ်ဆရာကြီးများပင်ဖြစ်ပါစေ၊ ငါသည် ဘုရား၏နှုတ်ကပတ်တော်ကျမ်းစာထက် မြင့်သောသူဖြစ်သည်ဟု မပြောရ။ အနက်ဖွင့်ခြင်းအားလုံး၊ ခံယူယုံကြည်ချက်အားလုံး၊ ဒေသနာအားလုံးသည် ကျမ်းစာကိုတိကျပြတ်သားစွာ အသေးစိတ်လေ့လာခြင်းအောက်တွင် ရှိရပါမည်။ ဘုရားသခင်၏နှုတ်ပတ်တော်က ပြောဆိုသည်နှင့်နေရာတိုင်း၌ ကိုက်ညီရမည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာကို ကိုယ်ပိုင်အနက်ဖွင့်ခြင်း မရှိသောကြောင့်ဖြစ်ပါသည်။ ထိုအတွက်ကြောင့် တမန်တော်ကြီးများ၏ တရားဟောပြောခြင်းအားလုံးကိုလည်း ဂရုတစိုက်စစ်ဆေးကာ၊ ဝေဖန်ခဲ့ကြခြင်းဖြစ်ပါသည် (တမန် ၁၇း၁၀၊၁၁)။ ထိုသို့သော တရားဟောခြင်းများသည်လည်း ဝိညာဉ်တော်က သူရေးသားသော ကျမ်းစာ၏အနက်ဖွင့်ခြင်းနှင့်ကိုက်ညီရပါသည်။

ထိုစစ်မှန်သော တခုတည်းသောအနက်ဖွင့်ခြင်းကို ရှာဖွေကာ၊ တွေ့ရှိလျှက်၊ ဂရုစိုက်လိုက်နာနိုင်ရန် ဘုရားသခင်သည် ကျွန်တော်တို့ကို လိုအပ်သောကျေးဇူးတော် – အတော်များသောကျေးဇူးတော် – ကိုပေးတော်မူပါစေဟု ဆုတောင်းပါသည် (ယောဖြ ၂း၁)။

## ကျမ်းစာ၏ညီညွတ်ခြင်းအကြောင်း (The Unity of Scripture)

ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်လျှက်၊ ရေးတော်မူသောသူ တယောက်တည်းဖြစ်သဖြင့်၊ ကျမ်းစာသည် တခု(One) ဖြစ်ပါသည်။ ဘုရားသခင်သည် (၆၆)မျိုးသော မတူကွဲပြားသည်အသံများဖြင့် ပြောတော်မမူပါ။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်က တဆူတည်းသောဘုရား ဖြစ်တော်မူသောကြောင့်ဖြစ်သည်။ တန်ခိုးတော်တခု၊ တခုတည်းသောရည်ရွယ်ချက်၊ ဖြစ်တည်မှုတခုနှင့် ဘုရားသခင်ဖြစ်တော်မူပါသည်။ သူသည် တဆူတည်းဖြစ်တော်မူသောကြောင့် သူ၏နှုတ်ပတ်တော်နှင့် ဖွင့်ပြတော်မူခြင်းသည်လည်း တခုတည်းသာဖြစ်နေပါသည်။

ကျမ်းစာသည် 'တခု'ဖြစ်သည်ဟု နားလည်ခြင်းသည် အလွန်အရေးကြီးပါသည်။ ထိုအတွက်ကြောင့် ကျမ်းစာသည် ရှေ့နောက်မညီ တခုကိုတခု ကန့်ကွက်ခြင်းမျိုး၊ ကို့ယို့ကားယားအဓိပ္ပါယ်မျိုး ဘယ်တော့မှ မဖြစ်နိုင်ပါ။ စာအုပ်တအုပ်သည် နောက်တအုပ်နှင့်ကွားခြားနေသည်မျိုး မရှိပါ။ ဓမ္မဟောင်းကျမ်းသည် ဓမ္မ

သစ်ကျမ်းနှင့် ဆန့်ကျင်နေသည်မျိုး မရှိနိုင်ပါ။ ကျမ်းစာတွင် ဓမ္မဟောင်းတွင် သင်သည်ကတမျိုး၊ ဓမ္မသစ်တွင် သင်သည်ကတဖုံ မဖြစ်နိုင်ပါ။ ထို့အပြင် ကျမ်းစာရေးသားဖို့ အသုံးပြုခြင်းခံကြရသူ ရေသားသူများ တယောက်နှင့်တယောက် ကန့်ကွက်နေသည်မျိုး မရှိပါ။

ထို့ကြောင့် "ပေါလု၏သီဩလော်ဂျီ"ဟု ပြောခြင်းမျိုးသည် မှားသည်။ တချို့က ထိုသို့ပြောတတ်ကြသည်၊ သခင်ယေရှု၏သီဩလော်ဂျီ၊ ပေတရု၏သီဩလော်ဂျီ နှင့်ပေါလု၏သီဩလောဂျီသည် မတူခြားနားသည် ထိုသို့ကျမ်းစာတွင် မရှိပါ။ ထို့အတူ လင်မယားကွဲခြင်းနှင့်၄င်း၊ အသင်းတော်ထဲ အမျိုးသမီးတို့၏နေရာနှင့်ပတ်သက်၍၄င်း သခင်ယေရှု၏အမြင်နှင့် မောရှေ၏အမြင်သည် ကွာခြားပါသည်၊ (သို့) ပေါလု (သို့) ယောဟန်တို့၏အမြင်များသည် ခြားနားပါသည်ဟု ပြောခြင်းမျိုးသည် အလွန်မှားပါသည်။

ထို့အပြင် "ကျမ်းစာ၏ညီညွတ်နေခြင်း"ဩဝါဒသည် အထူးသဖြင့် 'ဒစ်ပင်ဆေးရှင်းဝါဒ' (dispensationalism) မှားယွင်းကြောင်းဖေါ်ပြရာ၌ အလွန်အရေးကြီးပါသည်။ ထိုဝါဒက ဓမ္မဟောင်းနှင့်ဓမ္မသစ်သည် ညီညွတ်ခြင်းမရှိပါ၊ အစ္စရေးနှင့်အသင်းတော်သည် မတူပါဟု ပြောပါသည်။ နှစ်ခြင်းအသင်းတော်များကလည်း၊ အစ္စရေးတို့နှင့်ပြုသောပဋိညာဉ်သည် အသင်းတော်နှင့်ပြုသောဘုရားသခင်၏ပဋိညာဉ်နှင့် အခြေခံအားဖြင့် ခြားနားပါသည်ဟု ပြောနေကြသည်။ ထိုသို့ယူဆခြင်းသည် ကျမ်းစာ၏ညီညွတ်နေခြင်းအမှန်တရားကို ငြင်းပယ်သောကြောင့်ဖြစ်သည်။ ကျမ်းစာသည် စာတအုပ်ဖြစ်သည်။ ထို့ကြောင့် တခုမကသော ပဋိညာဉ်ရှိသည်ဟု သင်မပေးပါ၊ တခုနှင်တခု ဆန့်ကျင်နေကြသော ပဋိညာဉ်များဟုလည်း သင်မပေးပါ။

ကျမ်းစာသည် တအုပ်တည်းဖြစ်သဖြင့် ခြားနားသောဗျာဒိတ်ဖွင့်ပြချက်ဆိုသည်မျိုး၊ မတူကွဲပြားသော ပဋိညာဉ်ဆိုသည်မျိုး၊ ခြားနားသောဘုရားသခင်၏လူမျိုးများဆိုသည်မျိုး၊ (သို့) ကယ်တင်ခြင်းရနိုင်သည့် တခုမကသောနည်းလမ်းများ ရှိသည်ဆိုသည်မျိုး လုံးဝသင်မပေးပါ။ ထို့ကြောင့် ကျွန်တော်တို့က ဒစ်စပင်ဆေးရှင်းဝါဒ၊ ယုံကြည်သူ(လူကြီး)များကိုသာဗတ္တိဇံပေးသည် ဆိုသောသွန်သင်ချက်များကို ငြင်းပယ်ရခြင်းသည်၊ ထိုအုပ်စုများ ကိုးကားသောကျမ်းပိုဒ်များ မှားယွင်းနေကြောင်း သိကြ၍သာမဟုတ်ပါ၊ ကျမ်းစာသည် တခုတည်းသာဖြစ်သည်၊ ကျမ်းစာသည် မကျိုးပြတ်နိုင်ပါဟု သင်ပေးသောကျမ်းပိုဒ်များကြောင့်လည်း ဖြစ်ပါသည် (ယော ၁၀း၃၅)။

ထို့ကြောင့် ဓမ္မသစ်ကျမ်းစာက ပြန်လည်ကိုးကားသောကျမ်းပိုဒ်များမှလွဲ၍၊ ဓမ္မဟောင်းကျမ်းစာသည် ခရစ်ယာန်များအတွက် ဩဇာမရှိပါဟု သင်ပေးခြင်းသည် ကျမ်းစာ၏ညီညွတ်ခြင်းသဘာသဘာဝကို ငြင်းပယ်နေခြင်းပင် ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းစာတွင် ရေးထားသမျှသည် ဓမ္မသစ်ကာလခရစ်ယာန်များအတွက်လည်း အကျုံးဝင်ပါသည် (၁ကော ၁၀း၁၁)။

ကျမ်းစာ၏ညီညွတ်နေခြင်းသဘောတရားသည်၊ သခင်ယေရှုက ယော၁၀း၃၅ ၌ပြောသကဲ့သို့ သူ၏အထဲတွင် ပြစ်တော်မူပါသည်။ ကျမ်းစာအစမှနေ၍အဆုံးအထိသည် သခင်ယေရှုကယ်တင်ရှင်ဖြစ်ကြောင်း၊ သူ့အားဖြင့်ဖွင့်ပြနေသော ဘုရားသခင်၏ကျေးဇူးတော်အကြောင်းကို ဖေါ်ပြနေသောဖွင့်ပြချက်အစဉ်ဖြစ်ပါသည်။ တခါက ပညာရှင် စပါဂျီယန် ဆိုသူက "ကျမ်းစာကို ခင်ဗျား ကြိုက်တဲ့နေရာက ဖြတ်ချလိုက်ပါ၊ အဲဒီနေရာကနေပြီး၊ သိုးသငယ်ရဲ့အသွေးတော်နဲ့ မျောပါသွားကြမှာဖြစ်တယ်"ဟု ပြောခဲ့ပါသည်။ ကျမ်းပိုဒ်တိုင်းတွင် သခင်ခရစ်တော်ကိုတွေ့မြင်ဖို့သည် ကျွန်တော်တို့၏ပန်းတိုင်ဖြစ်သည်။ ထိုသို့ပြုလျှင်၊ ကျမ်းစာက တသံတည်းသာ မြည်သံပေးကြောင်းကို အသေအချာပင် တွေ့မြင်လာမည်ဖြစ်သည်။

ကျမ်းစာ၏ညီညွတ်နေခြင်းအမှန်တရားကို အခြားမှားယွင်းသောဝါဒများကို ငြင်းဆိုရန်အတွက်သာ အရေးကြီးသည်မဟုတ်ပါ၊ ကျမ်းစာကိုလေ့လာခြင်းအတွက်လည်း အရေးကြီးလှပါသည်။ ကျမ်းစာသည် တခုဖြစ်သည်ဆိုလျှင်၊ အခြားကျမ်းပိုဒ်များကို ပစ်ထား၍ ကျမ်းပိုဒ်တခုတည်းကိုသာ လေ့လာခြင်း၊ ယုံကြည်ခြင်း၊ ကိုးကားခြင်းမျိုးသည် မဖြစ်နိုင်သောကိစ္စဖြစ်လာပါမည်။ ကျမ်းစာကပြောသည်ဟုယူဆသောအရာတိုင်းသည် အခြားသောကျမ်းပိုဒ်များနှင့် ဆန့်ကျင်နေခြင်းမျိုး မဖြစ်နိုင်ဟု နားလည်လာပါမည်။ ဆိုလိုသည်မှာ ကျမ်းစာကို ကွက်၍လေ့လာ၍မရ၊ အစမှအဆုံးထိ သေချာစွာဖတ်ရှုရမည်၊ ကျမ်းစာတခုလုံး၏သွန်သင်ခြင်းနှင့် ရင်းနှီးရန် အမြဲတမ်းကြိုးစားနေရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျမ်းစာ၏ညီညွတ်ခြင်းဆိုသည်မှာ ကျမ်းစာတခုလုံးသည် အလွန်အရေးကြီးလျှက် လိုအပ်သည်၊ မည်သည့်အပိုင်းကိုမျှ လစ်လျူရှု၍မရဟု ဆိုလိုခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ကျမ်းစာတခုလုံးကို သိရမည်၊ ဖတ်ရမည်၊ လေ့လာရမည်၊ သင်ယူရမည်၊ အားလုံးကို သတိပြုရပါမည်။ သင် ထိုသို့ပြုနေပါသလား???

-----------------------------------------

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၂)

၁း၄–၈

၄ – ငါယောဟန်သည် အာရှိပြည်၌ရှိသောအသင်းတော်ခုနှစ်ပါးကို ကြားလိုက်ပါ၏။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလအစဉ်ရှိတော်မူသော ဘုရားသခင့်အထံတော်ကငှင်း၊ ပလ္လင်တော်ရှေ့၌ရှိသော ဝိညာဉ်ခုနှစ်ပါးအထံကငှင်း၊ ၅ – သစ္စာစောင့် သော သက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော၊ လောကီဘုရင်တို့၏ အထွဋ်ဖြစ်တော်မူ ထသောယေရှုခရစ်အထံတော်ကငှင်း၊ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ ငါတို့ကိုချစ်၍ မိမိအသွေး နှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍၊ ၆ – မိမိခမည်းတော်ဘုရားသခင်ရှေ့၌ ငါတို့ကို ရှင်ဘုရင်အရာ၌၄င်း၊ ယဇ်ပု ရောဟိတ်အရာ၌၄င်း ခန့်ထားတော်မူသောသူသည်၊ ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။ အာမင်။ ၇ – ကြည့်ရှုလော့ မိုးတိမ်နှင့်တကွ ကြွလာတော်မူသည်ဖြစ်၍၊ ကိုယ်တော်ကို ထိုးဖေါက်သောသူတို့နှင့် ရှိသမျှသောသူ တို့ သည် ကိုယ်တော်ကို ရှုမြင်ကြရလိမ့်မည်။ မြေကြီးသားအမျိုးမျိုးရှိသမျှတို့သည် ကိုယ်တော်ကြောင့် ငိုကြွေးမြည်တမ်းကြရ လိမ့်မည်။ မှန်ပေ၏။ အာမင်။ ၈ – ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏ဟု အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူ၍၊ ပစ္စုပ္ပါန်၊ အတိတ်၊ အနာဂတ် ကာလအစဉ်ရှိတော်မူသော ထာဝရအရှင် ဘုရားသခင် မိန့်တော်မူ၏။

က။ ဤကျမ်းပိုဒ်များတွင်၊

၁။ နှုတ်ဆက်ခြင်း (သို့) ကောင်းချီးပေးခြင်း (၄၊ ၅)။

၂။ သခင်ခရစ်တော်ကို ချီးမွမ်းခြင်း (၅၊ ၆)။ သခင်ခရစ်တော်လာမည့်အကြောင်းကို လေးနက်တည်ကြည်စွာ သေချာစေခြင်း (၇၊ ၈) တို့ကို တွေ့ရပါသည်။

ခ။ အငယ် ၄ နှင့် ၅ တွင်

၁။ ဤစာအုပ်က အာရှိပြည်ရှိ အသင်းတော်(၇)ခုကို ပေးပို့ခြင်းဖြစ်ကြောင်း ပြောပြပါသည်။

၂။ ပေးအပ်သောကောင်းချီးမင်္ဂလာသည်၊ “ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်း” တို့ဖြစ်သည်။

(က) ကျေးဇူးတော်သည် ငြိမ်သက်ခြင်းအပါအဝင်၊ ဝိညာဉ်ရေးရာကောင်းချီးမင်္ဂလာအားလုံးတို့၏ အရင်းအမြစ် ဖြစ်ပါသည်။

(ခ) ငြိမ်သက်ခြင်းဆိုသည်မှာ သခင်ခရစ်တော်အားဖြင့် ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရသည်ကိုဆိုလိုသည်၊ ထို့ကြောင့် ပြသနာများ၊ ဒုက္ခဆင်းရဲ နှိပ်စက်ညှင်းပန်းမှုတို့နှင့် ပြည့်နေသည့် ဤကမ္ဘာပေါ်တွင် ရှိနေသောအရာများအားလုံး၌ ငြိမ်သက်ခြင်းကိုရနေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

၃။ ထိုကောင်းချီးမင်္ဂလာကိုပေးသောသူသည်၊–

(က) “ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ရှိတော်မူသောသူဖြစ်သည်။” (အငယ် ၈ ကိုလည်းကြည့်ပါ) သုံးပါးတဆူ ဘုရားသခင်ကို ရည်ညွှန်းပါသည်။ ယေဟောဝါဘုရားသခင်၏နာမည်ကို တနည်းတဖုံရည်ညွှန်းခြင်းဖြစ်သည်။

(ခ)“ပစ္စုပ္ပန်” = အင်္ဂလိပ်လို He is = ‘သူသည်ရှိနေသည်’ဟု အဓိပ္ပါယ်ရ၊ ဆိုလိုသည်မှာ ဖြစ်စေသူမရှိသူ (Uncaused)၊ မိမိဘာသာဖြစ်ပေါ်လာသူ(Self-existent)၊ ထာဝရဖြစ်သူ(Eternal)၊ မပြောင်းလည်းသောသူ (Immutable One)ဟူ၍ဖြစ်သည်။
(ဂ) “အတိတ်၊ အနာဂတ်” ရှိတော်မူသောသူ ဆိုသည်မှာ၊ “ဖွင့်ပြတော်မူနေသော”ဘုရားသခင်ဟုဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် မျက်မှောက်ကမ္ဘာကြီးနှင့်၊ ၎င်း၏သမိုင်းကြောင်းနှင့်ပတ်သက်၍၊ ဘုရားသခင်သည် သခင်ခရစ်တော်အားဖြင့် ဖန်ဆင်းခြင်းထဲတွင် အမြဲရှိနေတော်မူပါသည်။ ထို့အပြင် အနာဂတ်တွင်လည်း ထာဝရနိုင်ငံတော်နှင့်ပဋိညာဉ် ပြည့်စုံချိန်ထိ လာနေမည်ဖြစ်ပါသည်။ သူ၏တဲတော်၌ ကျွန်တော်တို့နှင့် ထာဝရနေထိုင်မည့်အချိန်ရောက်သည်အထိ ဘုရားသခင်သည် လာလျှက်နေမည်ဖြစ်ပါသည်။ ဘုရားသခင်သည် သခင်ခရစ်တော်အားဖြင့် လာနေပါသည်။ သူသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် အမြဲတမ်း သူ၏ကတိတော်များကို ဆုံးရှုံးခြင်းလုံးဝမရှိ၊ ပြည့်စုံနေစေသူဖြစ်တော်မူပါသည်။
(ဃ) “ပလ္လင်တော်ရှေ့၌ရှိသော ဝိညာဉ်ခုနှစ်ပါး၊” သန့်ရှင်းသောဝိညာဉ်တော်ကိုရည်ညွှန်းသည်၊ (သူ့ထံမှကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းရသည်)။ သို့သော် သခင်ခရစ်တော်၏ဝိညာဉ်တော်အဖြစ်၊ အသင်းတော်သို့ပေးထားသည့် ဝိညာဉ်တော်အဖြစ် ပြောပြနေခြင်းဖြစ်သည်၊ (ထို့ကြောင့် ပလ္လင်ပေါ်တွင်မရှိဘဲ၊ ‘ရှေ့တွင်’ဟုပြောခြင်းဖြစ်သည်)။ ကျေးဇူးတော်ပဋိညာဉ်၏ ခုနှစ်ထပ်ကွမ်းပြည့်ဝခြင်း၊ လုံးလုံးလျားလျားပြည့်စုံခြင်းကို ဖော်ပြချင်၍ဖြစ်သည်။
(င) “ယေရှုခရစ်အထံတော်က၊” သူသည် ဘိသိတ်ပေးခြင်းခံရသော ကယ်တင်ရှင် ဖြစ်သည်။ သူသည် သစ္စာရှိသောသက်သေခံ ဖြစ်သည်။ မိမိ၏ ပရောဖက်ဖြစ်ခြင်းအမှုဆောင်ဌာန(prophetic office)အားဖြင့် ဘုရားသခင်၏အမှန်တရားကို အမြဲမှန်ကြောင်း သက်သေပေးနေသူဖြစ်သည်။ လူ့ဇာတိခံလျှက် ဤကမ္ဘာပေါ်တွင်ရှိနေစဉ် ထိုသို့အမှုဆောင်ခဲ့သလို၊ ယနေ့ချိန်တွင်လည်း ဖြစ်ပါသည်။ သူသည် ဗျာဒိတ်ကျမ်းနှင့်ပတ်သက်၍လည်း သစ္စာရှိသော သက်သေခံဖြစ်ပါသည်။ သစ္စာရှိသူ၊ အဘယ်ကြောင့်ဆိုသော် သူ့ ခမည်းတော်ထံမှ လက်ခံရရှိသောအရာထက် ပို၍၊ (သို့) လျှော့၍ ပြောပြရန် မည်သို့မျှ သွေးဆောင်၍မရသူဖြစ်ပါသည်။
(စ) “သေသောသူတို့တွင်သားဦးဖြစ်သည်။” သူသည် သေခြင်းမှ ပထမဆုံးထမြောက်သူသာမကပါ (အခြားသေခြင်းမှပြန်ရှင်လာသူများသည် ပြန်သေဖို့ရှင်လာခြင်းမျှသာဖြစ်သည်)၊ မိမိ၏ညီအကိုမောင်နှမများ ဝင်နိုင်ရန်အတွက် လမ်းဖွင့်ပြင်ဆင်ပေးသည့်အနေနှင့်၊ သေခြင်း၏ဝမ်းကို ဖွင့်သောသူလည်းဖြစ်ပါသည်။
(ဆ) “လောကီဘုရင်တို့၏ အထွဋ်၊” ဤလောက၏ခေါင်းဆောင်များ၊ ဘုရင်များသည် သခင်ခရစ်တော်နှင့်သူ၏ရည်ရွယ်ချက်ကို ဆန့်ကျင်ကြသူများဖြစ်ကြသည်။ သခင်ခရစ်တော်က သူတို့ကို တန်ခိုးတော်နှင့်အုပ်ချုပ်နေသောကြောင့် သူတို့သည် သခင်ခရစ်တော်၏ရည်ရွယ်ချက်ကို ပြည့်မြောက်အောင်လုပ်ပေးခြင်းမှလွဲ၍ဘာကိုမှမလုပ်နိုင်ကြပါ။

သတိပြုရန်မှာ – ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် အရင်းအမြစ်(၃)ခုမှနေ၍ ထွက်လာသည်ဟု ပြောနေခြင်း မဟုတ်ပါ။ တခုတည်းသောအရင်းအမြစ်မှသာထွက်လာပါသည်၊ ဘုရားသခင်သည် ခရစ်တော်အားဖြင့် ဝိညာဉ်တော်မှနေ၍ ထိုတခုသောအရင်းအမြစ်ဖြစ်ပါသည်။ ထိုကောင်းချီးမင်္ဂလာပေးသော စကားလုံးများကို ဗျာဒိတ်ကျမ်းပါအကြောင်းအရာများနှင့်အကိုက် အသုံးပြုထားခြင်းဖြစ်သည်။ “သခင်ယေရှုခရစ်တော်၏ ဖွင့်ပြတော်မူခြင်း”ကို မည်သည်ကမှ မတားဆီးနိုင်ပါ။

ဂ။ ဂုဏ်တော်ချီးမွမ်းခြင်း ၅–၆၊
၁။ ကျွန်တော်တို့ကိုချစ်တော်မူသော သခင်ခရစ်တော်ကိုချီးမွမ်းခြင်း ဖြစ်သည်။ ထိုချစ်ခြင်းကို လက်ဝါးကပ်တိုင်ပေါ်တွင် ကြီးမြင့်စွာဖော်ထုတ်ပြသခဲ့သည်။ သူသည် ကျွန်တော်တို့အပြစ်များကို မိမိအသွေးတော်ဖြင့် ဆေးကြောသန့်စင်ပေးသူ ဖြစ်သည်။ သူ၏သေခြင်းသည် အမျက်ပြေစေရန်ဖြစ်သည်။ ထိုအမျက်ပြေစေခြင်းကို ကျွန်တော်တို့ထံ ယုံကြည်ခြင်းမှတဆင့် ရောက်လာရန်လုပ်ပေးပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့သည် အပြစ်၏ လွှမ်းမိုးမှုနှင့်ဆိုးညစ်ခြင်းမှ ကယ်လွှတ်ခြင်းကို ခံကြရပါသည်။ ထို့နောက် သူသည် ကျွန်တော်တို့ကို သူ၏ခမည်းတော်နှင့်ဘုရားသခင်ထံတော်သို့ ရှင်ဘုရင်များ၊ ယဇ်ပုရောဟိတ်မင်းများ ဖြစ်လာစေပါသည်။ ယုံ

ကြည်သူတို့သည် ဘုရားသခင့်ထံသို့ဆက်ကပ်ထားသော ဘုရင့်မျိုးနွယ်ယဇ်ပုရောဟိတ်မင်းများ၊ (သို့) ယဇ်ပုရောဟိတ်နိုင်ငံတော်မှနိုင်ငံသားများ ဖြစ်ကြပါသည်။ ထိုယဇ်ပုရောဟိတ်ဖြစ်ရခြင်း (ဆက်ကပ်ခြင်း၊အမှုတော်ဆောင်ခြင်း)သည် ရှင်ဘုရင်ဖြစ်ခြင်း(အရာခပ်သိမ်းပေါ်အုပ်စိုးခြင်း)နှင့် ခွဲခြားထား၍မရပါ။

၂။ အသင်းတော်က သခင်ဘုရားသည် ထာဝရပင် ဘုန်းအသရေနှင့်ပြည့်ဝသူ၊ အုပ်စိုးသူဖြစ်ကြောင်း ချီးမွမ်းနေပါသည်။

ဃ။ သခင်ခရစ်တော်လာမည့်အကြောင်းကို လေးနက်တည်ကြည်စွာ သေချာစေခြင်း (၇၊ ၈)

၁။ လေးနက်တည်ကြည်ခြင်းကို "ကြည့်လော့၊" "မှန်ပေ၏၊ အာမင်" စသည့်စကားလုံးများက ပြောပြပါသည်။

၂။ သူသည် အမှန်ပြန်လာတော်မူမည်။ တရားစီရင်ဖို့ဖြစ်သည် (မိုးတိမ်ဆိုသည်မှာ တရားစီရင်ခြင်း အထိမ်းအမှတ်ဖြစ်သည်)။ အားလုံးက မြင်ရပါမည်၊ ရန်သူ၊ မိတ်ဆွေ အားလုံးကမြင်ရမည် (ပထမ သူ့ကိုရန်လိုသော ဂျူးများ၊ သူ့ကို လက်ဝါးကပ်တိုင်ပေါ် ထပ်၍တင်ချင်သူများ၊ မြေကြီးပေါ်မှ လူမျိုးအားလုံး)။ အားလုံး "ပူဆွေး သောက"ရောက်ကြပါမည်။ သူ့ကိုရန်လိုသောသူများ နောင်တမရကြဘဲ၊ ကြောက်ရွံ့ကြမည်။

၃။ ဘုရားသခင်က ပို၍သေချာစေပါသည် (၈)။ ထိုအကြောင်းကို "အာလဖနှင့်ဩမေဃ"ဆိုသော ဂရိဘာသာ၏ အစပျိုးနှင့်အဆုံးသတ်စကားလုံးများက ပြောပြပါသည်။ အရာခပ်သိမ်းသည် သူ့ထံမှနေ၍၊ သူ့အတွက်သာ ဖြစ်ကြပါသည်။ သူသည် ထာဝရဖြစ်သလို၊ အနန္တတန်ခိုးတော်ရှင်လည်း ဖြစ်ပါသည်။ သူသည် ဘယ်တော့မှ မရှုံးသူ ဖြစ်တော်မူသည်။